NSW HEALTH

BURMESE

# ဩစတြေးလျားနိုင်ငံသို့ရောက်ရှိလာချိန် ကျန်းမာရေးစစ်ဆေးခြင်းများ။
# HEALTH CHECKS ON ARRIVAL IN AUSTRALIA

## အတိတ်ကအတွေ့အကြုံ

- ဩစတြေးလျားနိုင်ငံသို့လာရောက်ကြသူ အများစုတို့သည် နိုင်ငံခြားတွင် ကျန်းမာရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု ရရှိရန်မလွယ်ကူပေ။
- ကျန်းမာရေးနှင့်စပ်လျဥ်းသည့်ပြဿနာများတို့သည် အစားအစာညံ့ဖျင်းခြင်း၊ နေခင်းထိုင်ခင်း၊ သို့မဟုတ် မသန့်သောရေ ကြောင့် ဖြစ်နိုင်သည်။
- အချို့သောသူတို့သည် စစ်မက် ၊ မိသားစု သို့မဟုတ် မိတ်ဆွေများ ပျောက်ဆုံးသွားခြင်း ၊ လူ့အခွင့်အရေးဖေါက်ဖျက်ပြီး ညှဉ်းပန်းနှိပ်စက်ခြင်း တို့ကြောင့် စိတ်ထိခိုက်သည့် ကျန်းမာရေး ပြဿနာများ ရှိနိုင်သည်။

## ခရီးမထွက်မီ ကျန်းမာရေးစစ်ဆေးခြင်းများ။

- အချို့သောသူတို့သည် ဩစတြေးလျားသို့မရောက်လာမီ ဆေးဖက်ဆိုင်ရာစစ်ဆေးခြင်းများ ပြုလုပ်ခဲ့သဖြင့် အိတ်ချအိုင်ဗွီ၊ တီဘီအဆုတ်ရောဂါ၊ နှင့် ၄က်ဖျား စသည့် အခြားရောဂါများ ရှိမရှိ စမ်းသပ်ပြီးသား ဖြစ်နိုင်သည်။
- အချို့သောသူများ သန်ကောင်ချဆေး၊ ဝက်သက်၊ ပသိရောင်ရောဂါ၊ ဂျာမန်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးပြီး ဖြစ်နိုင်သည်။
- ခရီးမထွက်မီ ကျန်းမာရေးဆေးစစ်ခြင်းကို လပေါင်းများစွာ ကြိုတင်လုပ်ရသည့်အတွက် ဆေးစစ်ခြင်း ရလဒ်ထွက်လာပြီး သည့်နောက် ရောဂါစွဲကပ်နိုင်ပါသေးသည်။ ထိုကြောင့် ဩစတြေးလျားနိုင်ငံသို့ရောက်လာချိန်တွင် ထပ်မံပြန်လည် ဆေးစစ်ရန် လိုအပ်ပေမည်။

## ဩစတြေးလျားနိုင်ငံသို့ရောက်ရှိလာပြီးနောက် အဘယ်ကြောင့် ကျန်းမာရေးဆေးစစ်စရာ လိုအပ်သနည်း။

- ကျန်းမာရေးစစ်ဆေးခြင်းကြောင့် သင်မသိဘဲ စွဲကပ်နေသည့်ရောဂါ တွေ့ရှိနိုင်သည့်အတွက် သင်ဩစတြေးလျားရောက်ချိန် မှာ သင်၏ကျန်းမာရေး တိုးတက်ကောင်းမွန်စေဖို့ အရေးပါသည့်ခြေလှမ်းတစ်လှမ်း ဖြစ်သည်။
- ရောဂါတစ်မျိုးမျိုး တွေ့ရှိပါက လိုအပ်သည့်ကုသမှုကို သင့်အားဆောင်ရွက်ပေးမည်ဖြစ်သည်။
- ကျန်းမာရေးဝန်ထမ်းသည် သင့်အား အထူးကုဆေးခန်း၊ သို့မဟုတ် အမျိုးသမီးကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့၊ သွားမျက်စိဆိုင်ရာ နှင့် အကြံဉာဏ်ပေးသူထံ ညွှန်းပေးနိုင်သည်။

## ကျန်းမာရေးဆေးစစ်ခြင်းတွင် မည်သည့်ကိစ္စများ ပါဝင်သနည်း။

ကျန်းမာရေးဆေးစစ်ခြင်းသည် ၁ နာရီ ကျော်ကျော် ကြာနိုင်ပြီး အောက်ပါတို့ပါဝင်နိုင်ပါသည်။

- သင်၏ကျန်းမာရေးနှင့်ပတ်သက်သည့်မေးခွန်းများ
- ခန္ဓာကိုယ်ကို ဆေးစစ်ခြင်း
- သွေးဖေါက်ယူခြင်း၊ ဆီးနှင့်ကျင်ကြီး စုယူခြင်း
- ကာကွယ်ဆေးများ ထိုးပေးခြင်း

ကျန်းမာရေးဝန်ထမ်းသည် သင့်အား ဩစတြေးလျားသို့မရောက်လာမီ ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံနှင့်ပတ်သက်၍ ပြဿနာ ရှိမရှိ မေးဖွယ် ရှိပါသည်။ ဤကိစ္စမျိုးကို အောင်မြင်စွာ ဖြေရှင်းနိုင်အောင် သင့်အားကူညီပေးနိုင်သည့် အထူးကုဝန်ဆောင်မှုအဖွဲ့များ ရှိပါသည်။

တစ်ခါတစ်ရံ ထိုဆေးခန်း သို့မဟုတ် ဆရာဝန်ရုံးသို့ တစ်ကြိမ်မက သွားရန် လိုအပ်နိုင်သည်။

## သင်နှင့်တကွသည်ဆောင်လာရမည့် အရာများ။

- သင့်ထံတွင်ရှိလျှင် မယ်ဒီကဲကတ်ပြား သို့မဟုတ် မယ်ဒီကဲနံပါတ်
- ကာကွယ်ဆေးထိုးထားပြီးကြောင်း မှတ်တမ်း နှင့် သင်ဆေးကုသခြင်းခံခဲ့ရသည့်သမိုင်း

**ကျန်းမာရေးဆေးစစ်ပြီးသည့်နောက် ဘာဖြစ်မည်နည်း။**

ကျန်းမာရေးဝန်ထမ်းအနေနှင့် သင့်အား ဆေးစစ်သည့်ရလဒ်တွေ အဆင်သင့်ဖြစ်သည့်အချိန်မှာ ပြန်လာရန် ချိန်းဆိုဖွယ်ရာရှိသည်။ ဤကဲ့သို့ ချိန်းဆိုခြင်းမှာ ကုသမှုလိုအပ်လျှင် စီစဉ်နိုင်ရန်အတွက် ဖြစ်သည်။

**လျှို့ဝှက်ခြင်းဆိုင်ရာ။**

- ကျန်းမာရေးစစ်ဆေးခြင်းကို အခမဲ့ဆောင်ရွက်ပေးရုံမက လျှို့ဝှက်လုံခြုံမည်ဖြစ်ပြီး သင်၏ဩစတြေးလျားနိုင်ငံတွင် နေထိုင်ခွင့်ကိုလည်း လုံးဝ ထိခိုက်မည်မဟုတ်ပါ။
- စစ်ဆေးခြင်း၏ ရလဒ်အားလုံးကို မပေါက်ကြားစေဘဲ လျှို့ဝှက်ထားမည်ဖြစ်ပြီး သင်၏ခွင့်ပြုချက်မပေးဘဲ ကျန်းမာရေးပြုစုမှုနှင့် မသက်ဆိုင်သူများထံ ပေးပိုင်ခွင့်မရှိပါ။ ကျန်းမာရေးဝန်ထမ်းများအနေနှင့်လည်း သင်၏ဆေးဖက်ဆိုင်ရာပြဿနာများကို သင့်အား ပြုစုကုသနေသူများမှလွဲ၍ အခြားမည်သူနှင့်မျှဆွေးနွေး ပြောဆိုခွင့်မရှိပါ။

**စကားပြန်များ။**

သင်သည်အင်္ဂလိပ်စကားကို ကောင်းစွာမပြောတတ်လျှင် သင်ကျန်းမာရေးဝန်ထမ်းများနှင့် စကားပြောရန်အတွက် စကားပြန်က အကူအညီ ပေးနိုင်ပြီး အကောင်းဆုံးကုသမှုရအောင် ဆောင်ရွက်ပေးနိုင်မည်။ ကျန်းမာရေးဝန်ထမ်းကို စကားပြန်တစ်ဦးအား ချိန်းပေးရန် တောင်းဆိုပါ။ သို့မဟုတ် တယ်လီဖုန်းစကားပြန်အဖွဲ့ **၁၃၁ ၄၅၀** သို့ ဖုန်းဆက်ပါ။

| |
|---|
| **သိသင့်သည့်အကြောင်းအရာများ ထပ်မံသိလိုလျှင် အောက်ပါတို့မှ ရရှိနိုင်ပါသည်။** |